# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈-၂-၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ပတ်သက် ၍ လွှတ်တော်အခွင့်အရေး ကော်မတီက တင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခမိုင်မုန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **နိုင်ငံသူ၊ နိုင်ငံသားများ အိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်များကို လျှောက်ထား တောင်းခံရန် မလိုဘဲ အထူးစီမံချက်ချမှတ်၍ တစ်ပြည်လုံး အတိုင်းအတာအနေဖြင့် အိုးအိမ်မြေဂရန်၊ အိမ်ခြံမြေဂရန်များ ပြုလုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများအဖြစ် အမှန်တကယ် အလုပ်လုပ်ကိုင်လို၍ အလုပ်လျှောက်ထားလာသည့် အသက်(၃၀/၃၅)နှစ်ခန့် ဘွဲ့ရပြီးသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် ဦးစားပေး ခန့်ထားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်က **"ရန်ကုန်–မန္တလေး အမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်–မန္တလေး လမ်းဟောင်းနှင့် အခြားလမ်းမကြီးများတွင် မိုင်နှုန်းကန့်သတ်ပေးခြင်း၊ လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း တို့ကို ပြုလုပ်ပေးပါရန်"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပေးပို့သော **"တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။